## ဒဂုန်ရွှေမျှား

# နဂါးနက်အသင်း

နှင့်

## ထူးခြားသောဝတ္ထုများ



# ဒဂုန်ရွှေမျှား

# (၁၈၉၅-၁၉၈၂)

ဒဂုန်ရွှေမျှားသည် ၁၈၉၅ ခုနှစ်၊ ဇွန်လ (၂) ရက်နေ့တွင် ပြည်မြို့၌ အဖကုန်သည် ဦးချစ်ထွန်း၊ အမိဒေါ်စော (စောကလေး)တို့ မှ မွေးဖွားခဲ့သော တစ်ဦးတည်းသောသားဖြစ်သည် ။ အမည်ရင်း ဦးတင်၊ ငယ်စဉ်က အိမ်တွင် မြန်မာ-အင်္ဂလိပ်ဆရာများ ဖြင့် ပညာစတင်သင်ကြားခဲ့ပြီး တတိယတန်းမှ စ၍ ပြည်မြို့ အစိုးရဟိုက်စကူးကျောင်းတွင် တတိယတန်းမှ ဒသမတန်း အောင်သည် အထိ သင်ကြားခဲ့သည် ။ ၁၉၁၃-၁၄ခုနှစ်တွင် ဒသမတန်းအောင်မြင်ခဲ့သည် ။ ရန်ကုန် တက္ကသိုလ်တွင် ခေတ္တမျှ တက်ရောက် သင်ကြားခဲ့သည် ။ နောက် စပါးကုန်သည် အလုပ်လုပ်သည် ။ ထိုသို့လုပ်ရင်း စပါးကုန်သည် ၊ မြေပိုင်ရှင်၊ သမာဓိမြို့ဝန် ဦးပြုံး၏ သမီး ဒေါ်သိန်းခင်နှင့် လက်ထပ်ခဲ့သည် ။ ၁၉၂၇ ခုနှစ်တွင် ရှေ့နေစာမေးပွဲ အောင်မြင်၍ ရှေ့နေဘဝ၊ နောက် သတင်းစာ ကိုယ်စားလှယ်၊ သတင်းထောက်၊ စာရေးဆရာ၊ အယ်ဒီတာ ဘဝများကိုရရှိခဲ့ပြီး စစ်ကြိုခေတ်၊ မြန်မာ စာရေးဆရာများ ပေါ်ဦးပေါ်ဖျား ကာလမှာ ပင် "ပြည်မောင်တင်" ကလောင်အမည်၊ နောင် "ဒဂုန်ရွှေမျှား"ဖြစ်လာခဲ့သည် ။

၁၉၁၇ ခုနှစ် မတ်လတွင် သူရိယမဂ္ဂဇင်း ထွက်ပေါ်လာသောအခါ "

ဝတ္ထုရေးသူများကို ဆုပေးမည့် အကြောင်း" ပါလာသဖြင့် "ဝီလျံရှိတ်စပီးယား"(William Shakespere) ၏ " အော်သယ်လို" (Othello) ပြဇာတ်ပုံဝတ္ထုကို မြန်မာမှုပြု၍ "ချင်းဗိုလ်မောင်တက်တူ" အမည်ခံပြီး ပါဝင်ယှဉ်ပြိုင်ရာ မေလထုတ် သူရိယမဂ္ဂဇင်း (ရေးသူဆုရသည် ) ကဏ္ဍတွင် စတင် ဖော်ပြခံရသည် ။ ဆုငွေ ၁၅/ ကျပ်ရသည် ။ ဒဂုန်ရွှေမျှား၏ ပထမဦးဆုံး ဝတ္ထုတိုလက်ရာ ဖြစ်သည် ။ နောက် သူရိယ၊ ဒဂုန်၊ မြန်မာ့အလင်း၊ ကြည်တော်မူ အစရှိသော မဂ္ဂဇင်းများ တွင် ဝတ္ထုစာပေလက်ရာများ ဆက်လက်ရေးသားခဲ့သည် ။ ဆောင်းပါးအနေဖြင့် သူရိယမဂ္ဂဇင်းမှာ ပင် Wide World မဂ္ဂဇင်းမှ ဂျာမန်စစ်သံ့ပန်း အင်္ဂလိပ်စစ်ဗိုလ်တစ်ယောက် အကြောင်း ဆောင်းပါးသည် ဒဂုန်ရွှေမျှား၏ ပထမဦးဆုံး ဆောင်းပါးလက်ရာ ဖြစ်သည် ။

ပထမဦးဆုံး မဂ္ဂဇင်းဝတ္ထုရှည်"လျှို့ဝှက်သော စာအိတ်ကြီး" (The Sealad Envelope) သည် ပြည်တော်မူ မဂ္ဂဇင်းတွင် စတင်ရေးသားခဲ့ပြီး ပြည်တော်မူ ကုမ္ပဏီမှ ပင် သုံးမတ်တန် လုံးချင်းစာအုပ်အဖြစ် စတင် ထုတ်ဝေခဲ့ပါသည် ။ ဘားမင်းနီးယား ဖလင်ရုပ်ရှင် ကုမ္ပဏီမှ ဒါရိုက်တာ ဦးထိန် လာရောက် ဝယ်ယူပြီး ရုပ်ရှင်ရိုက်ကူးခဲ့ရာ ၁၉၂၃ ခုနှစ်တွင် ရုံတင်ပြသခဲ့ရသည် ။

ဂျပန်ခေတ်တွင် ကုန်သည် အဖြစ် လုပ်ကိုင်ရင်း အစိုးရ ပြန်ကြားရေးဌာနတွင် လက်ထောက် အယ်ဒီတာ၊ စစ်ပြီးခေတ်တွင် ယနေ့အမျိုးသမီးမဂ္ဂဇင်း၊ သတင်းစုံ (Tib Bit) ဂျာနယ်၊ ဗမာခေတ်နှင့် ရှေ့ဆောင်သတင်းစာများ ၌ သတင်းအယ်ဒီတာ၊ နောက် စာပေဗိမာန်တွင် စာပြု၊ လက်ထောက် စာတည်း စသဖြင့် လုပ်ကိုင်ခဲ့သည် ။ ဒဂုန်ရွှေမျှားသည် ၁၉၁၄ ခုနှစ်မှ အစပြု၍ ကွယ်လွန်သည် အထိ စာရေးသက် (၅၈) နှစ်အတွင်း စာအုပ်လုံးချင်း (၆၀)ကျော် (စုံထောက် ဦးထင်ကျော်၊ ထောင်မင်း

သား ဦးဘိုးထော်၊ ကလိန်မောင်မောင်ထွန်း၊ အမ်ကြာရိုး၊ စောရမောင်၊ ကလိမ်ခြံရှေ့နေ အစရှိသောပင်ကိုရေးနှင့် မှီငြမ်း ဝတ္ထုတိုပေါင်းချုပ် အပါအဝင် ဝတ္ထုတိုပေါင်း (၄၇၃)ပုဒ်၊ ဘာသာပြန်နှင့် မှီငြမ်းဝတ္ထုတို/ရှည် (၁၁၆) ပုဒ်၊ ဘာသာပြန်နှင့် မှီငြမ်း ပြုစာအုပ် (၆၁)အုပ်၊ ပင်ကိုရေးဝတ္ထုစာအုပ် (၁၉) အုပ်၊ ဘာသာပြန်နှင့် ပင်ကိုရေး ဆောင်းပါးပေါင်း (၁၄၇) ပုဒ်၊ ဘဝအတွေ့အကြုံ စာအုပ် (၁) အုပ်)စသဖြင့် ရေးသား ထုတ်ဝေခဲ့ရသည် ။

ဒဂုန်ရွှေမျှားသည် စာပေဆု သုံးကြိမ်ရရှိခဲ့ရာ ၁၉၅၉ ခုနှစ်တွင် စာပေဗိမာန် ဘာသာပြန်ဆုအဖြစ် "ရော်ဘင်ဆင်ကရူးဆိုး" (Robinson Crusoe) စာအုပ်ဖြင့် ပထမဦးဆုံး အကြိမ် ရရှိခဲ့ပြီး၊ ၁၉၆၃ ခုနှစ်တွင် အမျိုးသားစာပေဆု၊ အနုပညာစာပေ ဘာသာပြန် ဝတ္ထုဆုအား "မြို့ဝန်မင်း၏ဘဝခရီး" (The Mayer of Casterbridge) ဝတ္ထုဖြင့် ရရှိခဲ့သည် ။

နောက်ဆုံး ၁၉၇၂ ခုနှစ်တွင် စာပေဗိမာန်စာမူပြိုင်ပွဲ၊ ဘာသာပြန်စာပေဆုအဖြစ် "မွန်းတည့်ရန် (၂) မိနစ်အလို" စာအုပ် (စာမူ) ဖြင့် ဒုတိယဆု ရရှိခဲ့သည် ။

ဝတ္ထုစာပေ လက်ရာများ အပြင် ခရီးသွားစာပေ၊ စာပေသမိုင်းစာပေ "မြန်မာနိုင်ငံ စာပေဆုများ " ပထမတွဲ၊ ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိစာပေ (ဘဝနှင့် အတွေ့အကြုံ (Quality) စာအုပ်တိုက်၊ ၂၀၁၀ ဒုတိယအကြိမ်)၊ ရုပ်ပုံလွှာဆောင်းပါးများ (ဂျာနယ်ကျော် ဦးချစ်မောင်၊ မင်းဆွေ စသဖြင့်) ရေးသားပြုစုခဲ့သည် ။

ဆရာကြီးဒဂုန်ရွှေမျှားသည် ၁၉၈၂ ခုနှစ်၊ မေလ (၂၈) ရက်နေ့တွင် ရန်ကုန်မြို့ နေအိမ်၌ ကွယ်လွန်ခဲ့သည် ။ အသက် (၈၇) ခုနှစ် အရွယ်တွင် ကွယ်လွန်ခြင်း ဖြစ်သည် ။ ရုပ်ရှင်ဒါရိုက်တာ စိန်ဖေတင် (ကွယ်လွန်)

အပါအဝင် သားသမီး (၅) ဦး ကျန်ရစ်ခဲ့သည် ။

ယခုအခါ ဆရာကြီးရေးသားခဲ့သော စာပေလက်ရာများ အားလုံး အား လက်လှမ်း းမီသလောက် ရှာဖွေလျက် Quality စာအုပ်တိုက်မှ တစိုက်မတ်မတ် ထုတ်ဝေလျက် ရှိပါသည် ။

***** ***** *****